# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 6, 2020 Volume 30, Number 4


| ၆.၄.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၁၆ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၄၁၃/- ကျပ် |
| CBM Rate | = ၁၄၂၁.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၄.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၁.၃၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၄၉.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၁.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၆၁.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၀.၄၃ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၆၅၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၆၁ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၂၄၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကုန်စည်အမျိုးအစားအလိုက်ရောင်းချရမည့် အမြင့်ဆုံးဈေးနှုန်းသတ်မှတ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ကုန်စည်အမျိုးအစားအလိုက်ရောင်းချရမည့် အမြင့်ဆုံးဈေးနှုန်း သတ်မှတ်ကြေညာလိုက်သည်။ Covid-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို လက်လီရောင်းချသူများအနေနှင့် တင်သွင်းသော ကုမ္ပဏီက ဝယ်ယူရသည့် ဈေးနှုန်းအပေါ်တွင် နစ်ဆယ်ရာခိုင်နှုန်းထက် မများသည့် အမြတ်နှင့်သာရောင်းချရန် သတ်မှတ်ကြေညာထားခြင်းဖြစ်သည်။ ဆေးဝါးများကို လက်လီရောင်းချသူများအနေနှင့် တင်သွင်းသည့်ကုမ္ပဏီမှဝယ်ယူရသည့် ဈေးနှုန်း အပေါ်တွင် နစ်ဆယ်ရာခိုင်နှုန်းထက်မများသည့်အမြတ်နှင့်သာ ရောင်းချရမည် ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနထံမှသိရသည်။

စားသုံးကုန်ပစ္စည်းများကိုလည်း ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် လက်ကား ဈေးနှုန်း ၅၄,၀၀၀ ကျပ်၊ လက်လီဈေးနှုန်းတစ်အိတ်လျှင် ၅၇,၀၀၀ ကျပ်၊ တစ်ပြည်လျှင် ၂,၅၀၀ ကျပ်၊ ဧရာဝတီပေါ်ဆန်းတစ်အိတ်လျှင် လက်ကားဈေးနှုန်း ၄၂,၀၀၀ ကျပ်၊ လက်လီဈေးနှုန်းတစ်အိတ်လျှင် ၄၅,၀၀၀ ကျပ်၊ တစ်ပြည်လျှင် ၂,၀၀၀ ကျပ်၊ ဧည့်မထအုပ်စု (ရက် ၉၀) တစ်အိတ်လျှင် လက်ကားဈေးနှုန်း ၂၆,၀၀၀ ကျပ်၊ လက်လီဈေးနှုန်းတစ်အိတ်လျှင် ၂၇,၅၀၀ ကျပ်၊ တစ်ပြည်လျှင် ၁,၃၀၀ ကျပ်၊ ဧည့်မထအုပ်စု (မနောသုခ၊ ရွှေဝါထွန်း၊ သီးထပ်) တစ်အိတ်လျှင် ၂၄,၀၀၀ ကျပ်၊ လက်လီဈေးနှုန်းတစ်အိတ်လျှင် ၂၆,၀၀၀ ကျပ်နှင့် တစ်ပြည်လျှင် ၁,၂၀၀ ကျပ် ရောင်းချရမည်ဟု ကြေညာထားသည်။

အဆိုပါဆန်ဈေးနှုန်းများသည် ရန်ကုန်အခြေခံဈေးနှုန်းများဖြစ်ပြီး ဆန်တစ်အိတ်လျှင် ၁၀၈ ပေါင်သတ်မှတ်ကာ စားအုန်းဆီ (အလွတ်) တစ်ပိဿာလျှင် လက်ကားဈေး ၁,၈၇၀ ကျပ်၊ လက်လီဈေးနှုန်း ၂,၀၀၀ ကျပ်၊ ဟင်းသီးဟင်းရွက်ဆီ (၁၈ လီတာပုံး) တစ်ပုံးလျှင် လက်ကားဈေး ၂၁,၀၀၀ ကျပ်၊ လက်လီဈေးနှုန်း ၂၃,၀၀၀ ကျပ်၊ နေကြာဆီ (၁၈ လီတာပုံး) တစ်ပုံးလျှင် လက်ကားဈေး ၂၉,၀၀၀ ကျပ်၊ လက်လီဈေး ၃၁၆၀၀ ကျပ်၊ Vegetable Oil Premium (၁၈ လီတာပုံး) တစ်ပုံးလျှင် ၂၆,၀၀၀ ကျပ်၊ လက်လီဈေး ၂၇,၀၀၀ ကျပ်၊ ဟင်းသီးဟင်းရွက်ဆီ (၁ လီတာ) တစ်ပုလင်းလျှင် လက်ကားဈေး ၃,၀၀၀ ကျပ်၊ လက်လီဈေး ၃,၁၀၀ ကျပ်၊ ပဲပုပ်ဆီ(၁ လီတာ) လက်ကားဈေး ၂,၆၀၀ ကျပ်၊ လက်လီဈေး ၂,၇၀၀ ကျပ်နှင့် မြေပဲဆီ တစ်ပိဿာလျှင် လက်ကားဈေး ၆,၆၀၀ ကျပ်၊ လက်လီဈေး ၇,၀၀၀ ကျပ်နှင့် ရောင်းချရမည်ဟု သတ်မှတ်ထားခြင်းဖြစ်သည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ယင်းဈေးနှုန်းများသည် ရန်ကုန်အခြေခံဈေးနှုန်းများဖြစ်ပြီး အဆိုပါကုန်စည်များကို သတ်မှတ်ဈေးထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများ ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အရေးယူခံရမည်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနထံမှသိရသည်။

**Source : The Voice**

https://news.ydnp.net/339883/

## COVID-19 ဖြစ်နေသော်လည်း MIC က ဒေါ်လာသန်း ၅၅၀ ကျော်တန် လုပ်ငန်း ၁၁ ခု ခွင့်ပြု

ကမ္ဘာ့ကပ်ရောဂါ COVID-19 ဖြစ်နေသော်လည်း အမေရိကန်ဒေါ်လာ ၅၅၅ သန်းနှင့် ကျပ် ၅၁ ဘီလီယံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၁ မျိုးကို ဧပြီ ၃ ရက်တွင် ခွင့်ပြုခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)က ထုတ်ပြန်သည်။ အဆိုပါလုပ်ငန်းများသည် အလုပ်သမား ၃,၀၀၀ ကျော်ဖန်တီးပေးမည်ဖြစ်ကာ ကပ်ရောဂါကြောင့် လုပ်သားများ ထိခိုက်မှုအနည်းဆုံးဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးပေးသည့်လုပ်ငန်းများကို စိစစ်ခွင့်ပြုပေးခြင်း ဖြစ်သည်ဟုဆိုသည်။

ခွင့်ပြုခဲ့သည့်လုပ်ငန်းများမှာ စက်မှုကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့မှဖြစ်သည်။ ကော်မရှင် အစည်းအဝေးကို မတ်လ ၆ ရက်တွင် လေးကြိမ်မြောက်ကျင်းပပြီးနောက် ဧပြီ ၃ ရက်တွင် ငါးကြိမ်မြောက်ကျင်းပပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုပေးခြင်းဖြစ်သည်။ ကော်မရှင်က ၂၀၁၉-၂၀ ဘဏ္ဍာနှစ်အတွက် အောက်တိုဘာ ၁ ရက်မှ မတ် ၆ ရက်အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံအထိ ခွင့်ပြုထားသည်။ အထက်ပါခွင့်ပြုမှုပါ ထည့်ဝင်ပါက ယခုဘဏ္ဍာနှစ် ပထမခုနစ်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၃ ဒသမ ၃ ဘီလီယံကျော်ကို ခွင့်ပြုထားပြီးဖြစ်သည်။

**Source:** https://7day.news/detail?id=183546

## ဂျပန်ကုမ္ပဏီ AEON က ရွှေတောင်ကုမ္ပဏီနှင့်ပူးပေါင်းပြီး ဈေးဝယ်စင်တာများ ဖွင့်မည်




လူလတ်တန်းလွှာအတွက် ရည်ရွယ်သည့် AEON မောလ်များ ၂၀၂၃ တွင် ဖွင့်လှစ်တော့မည်ဖြစ်သည်။ (insideretail.asia) ဂျပန်ကုမ္ပဏီ AEON က ၂၀၂၃ အစောပိုင်းတွင် မြန်မာနိုင်ငံ၌ဈေးဝယ်စင်တာများ ဖွင့်လှစ်မည်ဖြစ်ပြီး လူလတ်တန်းလွှာကို ဦးတည်ရောင်းချမည်ဟု ဂျပန် Nikkei Asia View တွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏ အကြီးစားလက်လီရောင်းချသည့် AEON ကုမ္ပဏီက ပြည်တွင်းရွှေတောင်ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းပြီး ဖွင့်လှစ်မည့်အရေအတွက် မထုတ်ပြန်သေးပေ။ AEON သည် နိုင်ငံခြားလက်လီရောင်းချသည့်လုပ်ငန်းများကို ၂၀၁၆ တွင် စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင်ဈေးဆိုင်ခွဲ ၁၀ ခုကျော် ဖွင့်လှစ်ထားသည်။ AEON Orange ကို ဂျပန်နိုင်ငံ AEON ကုမ္ပဏီနှင့် ပြည်တွင်းမှ Creation Myanmar ကုမ္ပဏီအုပ်စုတို့ အကျိုးတူပူးပေါင်း၍ ၂၀၁၆ ဧပြီတွင် ထူထောင်ပြီး မြန်မာနိုင်ငံတွင် အရောင်းစင်တာ ၁၄ ခု ဖွင့်လှစ်ရန် စီစဉ်ခဲ့သည်။ ပထမဆုံးအရောင်းစင်တာကို ၂၀၁၆ စက်တင်ဘာက မြောက်ဥက္ကလာပမြို့နယ်၌ ဖွင့်လှစ်ခဲ့သည်။

စီးပွားကူးသန်းဝန်ကြီးဌာနသည် နိုင်ငံခြားသားကုမ္ပဏီ၊ နိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ဖက်စပ်ကုမ္ပဏီများ ပြည်တွင်း၌ လက်လီ၊ လက်ကားရောင်းချခွင့်ကို ၂၀၁၈ မေလက စတင်ခွင့်ပြုခဲ့သည်။ နိုင်ငံခြားသားကုမ္ပဏီ များ၊ ဖက်စပ်ကုမ္ပဏီများသည် ပြည်တွင်းတွင် လက်လီ၊ လက်ကား အရောင်းစင်တာများဖွင့်လှစ်ပါက အဝတ်အထည်၊ နာရီ၊ အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ ပါဝင်သည့် ဦးစားပေးကုန်ပစ္စည်း ၂၄ မျိုးကို ဝန်ကြီးဌာနက

သတ်မှတ်ထားသည်။ အဆိုပါကုမ္ပဏီများ လက်လီ၊ လက်ကားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမည်ဆိုပါက လက်လီ လုပ်ငန်း၌ ဒေါ်လာသုံးသန်း ကနဦးမတည်ရမည်ဖြစ်ပြီး လက်ကားလုပ်ငန်းအတွက် ဒေါ်လာငါးသန်း ရင်းနှီးမြှုပ်နှံရမည်ဟု သတ်မှတ်ထားသည်။ ထိုပမာဏတွင် မြေငှားရမ်းခများ ပါဝင်ခြင်းမရှိစေရဟု ကန့်သတ်ထားသည်။

**Source:** https://7day.news/detail?id=183545

## ဆိုင်အချို့ပိတ်သိမ်းခြင်းကြောင့် ကြက်ဥဈေးထိုးကျ



စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များ ပိတ်သိမ်းလိုက်ခြင်းကြောင့် ကြက်ဥဈေးထိုးကျသွားကြောင်း မြန်မာနိုင်ငံ ကြက်ဘဲဥ မွေးမြူထုတ်လုပ်ရေးအသင်းဥက္ကဋ္ဌ ဦးသိန်းမြင့်ကပြောသည်။ ယခင်က ဈေးကွက်အတွင်း ကြက်ဥတစ်ပိဿာလျှင် ကျပ် ၂,၅၀၀ အထက်ရှိခဲ့ရာက ဧပြီ ၃ ရက်မှ စတင်ကာ တစ်ပိဿာလျှင်ကျပ် ၁,၇၀၀ ခန့်အထိ ဈေးကျ သွားပြီး ခြံထွက်ကြက်ဥများကို ဒိုင်များပင် မသိမ်းသည်အထိ ဖြစ်လာခဲ့ကြောင်း ၎င်းကပြောသည်။

"ကြက်ဥက စားသောက်ဆိုင် လက်ဖက်ရည်ဆိုင်အကုန်လုံး ဝယ်သူမရှိတော့ဘူးလေ။ အဓိက တောင်ကြီးပေ့ါ။ သူတို့က ရန်ကုန်ကို အောက်ဈေးနဲ့ထိုးရောင်းတာ။ ဒိုင်တွေကလည်း မသိမ်းဘူးဆိုတော့ ကျွန်တော်တို့လက်ထဲမှာ ကြက်ဥတွေ ခြောက်သိန်း၊ ခုနစ်သိန်းထပ်နေတာလေ။ ဒီတော့ကျွန်တော်တို့က ရပ်ကွက်တွေမှာလိုက်ပြီးတော့ ၁၀ လုံးတစ်ထောင်တို့၊ ၁၂ လုံးတစ်ထောင်၊ ၁၃ လုံးတစ်ထောင် အဲဒီလိုလျှော့ရောင်းကြည့်နေရတယ်။ အခုက စီးတီးမတ်တွေတောင် လျှော့ယူကြတယ်" ဟု ၎င်းက ပြောသည်။

ဈေးကွက်အတွင်း ကြက်ဥဝယ်လိုအားကျဆင်းမှုကြောင့် ကြက်ဥလေးသိန်းကျော်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ သွားရောက်လှူဒါန်းခဲ့ပြီး ဈေးကွက်မပျက်စေရေး ထိန်းသိမ်းပေးရန် ဝန်ကြီးချုပ်ကတိုက်တွန်းခဲ့ကြောင်းပြောသည်။ "ကျွန်တော်တို့က ကြက်ဥပဲလှူနိုင်တာပေ့ါဗျာ။ ရောင်းမထွက်တော့ ဝိုင်းလှူတာ။ ဒါပေမဲ့လှူတာကိုဒီကြက်ဥတွေ ဘယ်ပို့ရမှာလဲတဲ့။ ကျွန်တော်တို့က ဆေးရုံတွေဘာတွေပို့ချင်တယ် Quaratine လုပ်တဲ့နေရာတွေပို့ချင်တယ်။ ဆေးရုံဆိုတာလည်း ဒီကြက်ဥ အစိမ်းတွေကို လူနာတွေက ဒီတိုင်းစားတာ မဟုတ်ဘူးလေ။ ပြုတ်ပြီးပေးဖို့တောင်းဆိုတယ်။ လှူချင်တယ်ဆိုရင် ဆေးဝါးနဲ့ ပတ်သက်တာတွေက ပိုပြီးတော့ အဆင်ပြေပါတယ်ပေ့ါနော်။ ငွေရေးကြေးရေး ဒါမှမဟုတ်လည်း ဆေးရုံသုံးပစ္စည်း ဒါမျိုး ပေ့ါနော်။ အခုကျွန်တော်တို့သွားလှူတာ အလုံး ၄၈၅၀၀၀ ပေ့ါနော်။ နောက် We Love Yangon နဲ့ညှိနှိုင်းပြီး လှူဖို့ တိုက်တွန်း ထားပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။ ကြက်ဥတစ်ပိဿာလျှင် ပျမ်းမျှ ၂၅ လုံးမှ ၂၇ လုံးခန့်အထိ ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/137996.html

## မိုးကုတ်သို့ ကုန်တင်ယာဉ်မှအပ ဝင်ထွက်ခွင့် နှစ်ပတ်ပိတ်မည်




မန္တလေးတိုင်း မိုးကုတ်မြို့သို့ ကုန်စည်ပို့ဆောင်ရေးယာဉ်များမှအပ ခရီးသည်ယာဉ်လိုင်းများဝင်ထွက်မှုကို ဧပြီ ၇ ရက်မှ ၂၁ ရက်အထိ ယာယီပိတ်မည်ဖြစ်ကြောင်း မိုးကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးမှူး ဦးလှမိုးကပြောသည်။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် COVID-19 ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းအတွင်းနှင့် မြို့နယ်၊ ခရိုင်အလိုက် ခရီးသည်ယာဉ်များဝင်ထွက်မှုများကို ယာယီ ပိတ်ထားရန် ဧပြီ ၄ ရက်က ထုတ်ပြန်ထားသည်။ "တိုင်းအစိုးရ ညွှန်ကြားချက်လာတာဖြစ်လို့ ဆောင်ရွက်သွားမှာပါ။ မန္တလေးတိုင်း

တစ်တိုင်းလုံးအနေနဲ့ မေ ၇ ရက်ကစပြီး ပိတ်မှာပါ။ ၆ ရက်အထိ ဝင်လာသူတွေကို မြို့ဝင်ဂိတ်တွေကနေ စစ်ဆေးပြီးရင် သူတို့ဆန္ဒအရ Facilities Quarantine လုပ်မလား၊ Home Quarantine အိမ်မှာ ၁၄ ရက် အပြင်မထွက်ဘဲနေမလား။ အဲဒီလို ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ပြောသည်။

မေ ၆ ရက်အထိ မိုးကုတ်သို့ ဆိုင်ကယ်အပါအဝင် မည်သည့်ယာဉ်နှင့်မဆို ရောက်ရှိလာသူအားလုံး Quarantine စောင့်ကြည့် ၁၄ ရက် လိုက်နာရမည်ဖြစ်ကြောင်းသိရသည်။ "လက်ရှိမိုးကုတ်မှာ သံသယရှိလူနာတောင် မတွေ့သေးပါဘူး။ ဖြစ်လာမှ ထိန်းချုပ်ရတာက ပိုမို ခက်ခဲသလို ပြဿနာကြီးလာနိုင်ပါတယ်။ ဒါကြောင့် မြို့နယ်ကော်မတီအနေနဲ့ အားလုံးအတွက် စဉ်းစားရတာဖြစ်လို့ နစ်နာမှုရှိနိုင်ပါတယ်"ဟု မိုးကုတ်မြို့ COVID-19 ကာကွယ်ထိန်းချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးစိုးမြင့်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအနေဖြင့် မေ ၇ ရက်မှ ၂၁ ရက်အထိ သင်္ကြန်ပွဲတော်ရက်အပါအဝင် သီတင်းနှစ်ပတ်ကြာ တိုင်းအတွင်း ခရီးသွားလာဝင်ထွက်မှုများ ကန့်သတ်သွားမည်ဖြစ်၍ အဝေးပြေး ယာဉ်လိုင်းများ ယာယီပိတ်ကာ ကုန်စည်ပို့ဆောင်ရေးကို ခွင့်ပြုသွားမည်ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့ ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က မေ ၄ ရက်တွင် သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/138027.html

## COVID-19 ဂယက်ကြောင့် မြဝတီနယ်စပ်ရှိ တစ်နိုင်တစ်ပိုင် အထည်ချုပ်စက်ရုံများ လုပ်ငန်းရပ်ဆိုင်းရဖွယ်ရှိနေ



မြဝတီနယ်စပ်ရှိ တစ်နိုင်တစ်ပိုင် အထည်ချုပ်စက်ရုံ (အိမ်ရုံ) ၃၀၀ ခန့်မှာ COVID-19 ဂယက်ကြောင့် လုပ်ငန်းရပ်ဆိုင်းရဖွယ်ရှိနေကြောင်း သိရသည်။ COVID-19 ဂယက်ကြောင့် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကူးလူး သွားလာမှုရပ်ဆိုင်းခဲ့ကာ လုပ်ငန်းလည်ပတ်မှု မရှိတော့သည့်အတွက် မြဝတီမြို့ရှိ အထည်ချုပ်အလုပ်ရုံများ ရပ်ဆိုင်းရမည့်အခြေအနေ ရှိနေသည်ဟု အထည်ချုပ်လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ရင်ထွေးက ပြောကြားသည်။

"လောလောဆယ် အိမ်ရုံလေးတွေရော အတော်အသင့် စက်ရုံတွေရော ဆိုရင် မြဝတီမြို့မှာ အလုပ်ရုံ ၃၀၀ ခန့်ရှိပါတယ်။ အလုပ်သမားပေါင်း တစ်သောင်းကျော်လောက်ရှိမယ်။ အိမ်ရုံတွေ ဆိုရင် တစ်ရုံ အလုပ်သမား ၂၀ ကနေ ၅၀ ယောက်အထိရှိတယ်။ ရေရှည်ကတော့ ထိုင်းဘက်ကို ကူးလူးတဲ့ တံတားတွေပိတ်မယ်၊ ဂိတ်တွေပိတ်မယ်ဆိုရင် ကျွန်မတို့လုပ်ငန်းတွေ ရပ်တန့်သွားရင် အဆင်မပြေတော့ဘူး။ ကျွန်မတို့ အဆင်မပြေဘူးဆိုရင် ဒီလုပ်ငန်းကို မှီခိုနေတဲ့ အလုပ်သမားတွေလည်း စားဝတ်နေရေး အခက်အခဲရှိတယ်။ ဒီလိုပဲ ထိုင်းဘက်က အော်ဒါမတင်ဘူး။ ကုန်ပစ္စည်းပို့မရဘူးဆိုရင် အထည်ချုပ်ရုံတွေက ရပ်ဆိုင်းသွားရမယ့် သဘောရှိပါတယ်" ဟု ဒေါ်ရင်ထွေးက ပြောကြားသည်။ တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုစက်ရုံအလုပ်ရုံများ ရပ်ဆိုင်းသွားလျှင် အဆိုပါလုပ်ငန်းတွင် မှီခိုလုပ်ကိုင် စားသောက်နေသော အလုပ်သမား တစ်သောင်းကျော်မှာလည်း စားဝတ်နေရေးအခက်အခဲနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဒေါ်ရင်ထွေးက ပြောကြားသည်။ ဒေါ်ရင်ထွေးက "အလုပ်သမားတွေက ဒီအလုပ်ကိုပဲ မှီပြီးရပ်တည်ကြတာလေ။ ဒီဟာရပ်တန့်ပြီဆိုရင် အလုပ်သမားတွေ ငတ်ဖို့ပဲရှိတယ်။ ပန်းရုံသမားဖြစ်ပါစေ အလုပ်မရှိရင် စားဝတ်နေရေး အခက်အခဲဖြစ်မှာပဲ။ စက်ချုပ်သမားလည်း အထည်ချုပ်မရှိရင် နေ့စဉ်ဝင်ငွေ မရှိတဲ့အတွက် မိသားစု စားဝတ်နေရေးအခက်အခဲဖြစ်ကြမှာပါပဲ" ဟုဆိုသည်။

အဆိုပါ အိမ်တွင်းမှုလုပ်ငန်း တစ်ခုဖြစ်သော အထည်ချုပ် အလုပ်ရုံများသည် ယခင်က မဲဆောက်ဘက်၌ ဖွင့်လှစ်ခဲ့သော အလုပ်ရုံများဖြစ်ပြီး ထိုင်းလဝက ဥပဒေအရ နေထိုင်ရေး အခက်အခဲဖြစ်လာ၍ မြန်မာနိုင်ငံ မြဝတီဘက်သို ့ကူးပြောင်းဖွင့်လှစ် ခဲ့ခြင်းဖြစ်သည်။ "အရင်က အဆင်ပြေတယ်။ တံတားကြီးလည်းပိတ်တယ်။ သွားလာမရဘူး။ ဒီအလုပ်က ဟိုဘက်ထိုင်းနဲ့ ဆက်သွယ်ပြီးတော့မှ လုပ်ရတာလေ။ အခုသွားလာလို့မရ၊ ပစ္စည်းပို့လည်း မရဆိုတော့ အဆင်မပြေဘူးလေ။ အခုကတော့ Mask လေးတွေပဲ ချုပ်နေရတော့တယ်။ ရေရှည်ဆိုရင် အထည်ချုပ်ငန်းလုပ်သူတွေ အသက်ဆက်ဖို့မလွယ်တော့ပါဘူး" ဟု အထည်ချုပ်

လုပ်သားတစ်ဦးကဆိုသည်။ မြဝတီဘက်၌ ဖွင့်လှစ်ကြသော်လည်း ထိုင်းနိုင်ငံဘက်မှ အော်ဒါပေးသည့်အတိုင်း ချုပ်ပေးရကြောင်းသိရသည်။ အချို့လည်း ညှပ်ပြီးသားအထည်များကိုချုပ်ရပြီး ထိုင်းဘက်သို့ ပြန်ပို့ရကြောင်းသိရသည်။ ယခုကဲ့သို့ အထည်စများ၊ ချုပ်ပြီးအထည်များကို အပို့၊ အယူ သယ်ယူပို့ဆောင်ရေး အခက်အခဲဖြစ်ခြင်း၊ ချုပ်ထည်အော်ဒါမရရှိခြင်းတို့ကြောင့် မြဝတီမြို့မှ တစ်နိုင်တစ်ပိုင်အထည်ချုပ်စက်ရုံများ ပိတ်သိမ်းရတော့မည့် အခြေအနေရှိနေခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/167996

## ကောလင်းမြို့နယ်၌ ရုံးပတီသီးများ ဈေးကောင်းရ



စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ခွင်တောင်း၊ ယောမြေနီ၊ လက်ပံကွေ့၊ ကျွန်းလှခုံ၊ ဝန်းသိုမြို့နယ် ဇီးဖြူပင်၊ ဝွေ့ကြီး၊ လက်ပံကြီးတော၊ အုပ်ဖို၊ သရက်အိုက်၊ စိန်လည်၊ အောင်းကုန်း၊ သပြေသာစသည့်ကျေးရွာများသည် ဒေါင်းမြုံးချောင်းနံဘေးတွင် တည်ရှိပြီး ပန်းဂေါ်ဖီ၊ ငရုတ်၊ သခွား၊ မေမြို့ပန်း၊ သစ္စာပန်း၊ ကြက်သွန်၊ ခရမ်းချဉ်၊ ပြောင်းဖူး၊ ဂန္ဓမာပန်း စသည့် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ရုံးပတီသီးဈေးကောင်းသဖြင့် ယခုနှစ် ရုံးပတီသီးစိုက် တောင်သူများ ဝင်ငွေတိုးပွားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော် ကြက်ဖတံဆိပ် ရုံးပတီမျိုးစေ့ကို စိုက်ပျိုးရေးဆိုင်က တစ်ထုပ်ဝယ်ပြီး မျိုးစေ့ကို အရင်နှစ်ကတည်းက မျိုးပြန်ယူထားတာပါ။ အရင်နှစ်က စိုက်ပျိုးတဲ့သူများတယ်။ တစ်ကေစိုက်တာ နေ့စဉ်ကောက်ရပြီး တစ်ခါကောက်ကို အတောင့် ၂၀၀၀ အထိတော့ရပါတယ်။ ဒါပေမယ့် အတောင့်အကြီး၊ အသေးပေါ်မူတည်ပြီး ရုံးပတီသီး တစ်တောင့်ကို နှစ်ကျပ်၊ သုံးကျပ်နဲ့ ရောင်းရလို့ အမြတ် နည်းခဲ့ပါတယ်။ အခုနှစ်လည်း တစ်ကေကို ရုံးပတီသီးမျိုးစေ့ ရှစ်ပြည် စိုက်ပျိုးထားပါတယ်။ ကောက်နေတာ သုံးပတ်လောက်ရှိပြီဆိုတော့ အတောင့် ၂၀၀၀ လောက် တော့ရပါပြီ။ တစ်တောင့်ကို အတောင့်အကြီး၊ အသေးအပေါ် မူတည်ပြီး ငါးကျပ်ကနေ ခုနစ်ကျပ်နဲ့ ကောလင်းမြို့ပေါ်ရှိ ဖောက်သည်တွေကို ပို့ပေးရပါတယ်။ တစ်ကေစိုက်ကို အလုပ်သမားတစ်ယောက်အတွက် ငွေကျပ် ၂၅၀၀ နဲ့ လေးယောက် ပုံမှန်အကောက်ငှားထားပါတယ်။ အလုပ်သမားတွေလည်း နေ့စဉ်ဝင်ငွေရရှိပြီး ကျွန်တော်တို့လည်း နေ့စဉ်တစ်သိန်းကျော်ပုံမှန်ရရှိလို့ ဝင်ငွေပိုမိုတိုးပွားလာပါတယ်"ဟု ရုံးပတီသီးစိုက်ပျိုးသူ အုပ်ဖိုကျေးရွာနေ ဦးဖိုးထိန်က ပြောသည်။ ကျွန်မက "စိုက်ခင်းအရောက်သီးနှံမျိုးစုံဝယ်ယူပြီး ဝန်းသိုဈေးမှာ သွားရောင်းတာပါ။ အရင်နှစ်ကဆို ရုံးပတီသီး စိုက်သူများလို့ အခင်းရှင်တွေက သူ့ဆီမှာယူပါဦး၊ ကိုယ့်ဆီ မှာ ယူပါဦးနဲ့ အခုနှစ်က ရုံးပတီသီးစိုက် အခင်းရှင်ဆီမှာ မှာခိုင်းရတာပါ။ ဒါတောင် ကိုယ်လိုသလောက် မရဘူး"ဟု မြိုင်ဇေယျာကျေးရွာမှ ဆိုင်ကယ်ဖြင့် ကျေးရွာတကာ လည်ရောင်းတဲ့ တောဈေးသွား ဒေါ်သေးကပြောသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မတ်ပဲနှင့် ပဲတီစိမ်းသီးနှံများ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်တစ်သောင်းကျော် ဈေးမြင့်တက်

ယခုရက်ပိုင်းအတွင်း ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နှင့်အိန္ဒိယနိုင်ငံများမှ ဝယ်လိုအားကောင်းမွန်မှုကြောင့် မတ်ပဲနှင့် ပဲတီစိမ်း(ခရမ်းရွှေဝါ)သီးနှံများ မန္တလေးဈေးကွက်အတွင်း၌ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်တစ်သောင်းကျော်အထိ ဈေးမြင့်တက်လျက်ရှိကြောင်း မန္တလေး ပဲကုန်သည်များထံမှသိရသည်။ အဆိုပါ ပဲသီးနှံများမှာ ပြီးခဲ့သည့် မတ်လကုန်ပိုင်းက ကိုဗစ်-၁၉ ရောဂါယက်ကြောင့် မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၂၀၀၀ နှုန်းနှင့် ပဲတီစိမ်းသီးနှံမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၈၀၀၀ နှုန်းအထိ ဈေးများကျဆင်းသွားခဲ့ပြီး ယခုဧပြီလဆန်းပိုင်းတွင် မတ်ပဲကို အိန္ဒိယနိုင်ငံမှ စာချုပ်ဖြင့်စတင်ဝယ်ယူလာမှုကြောင့် ဈေးကွက်အတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ နှုန်းအထိ လည်းကောင်း၊ ပဲတီစိမ်းကို တရုတ်နိုင်ငံမှ သွက်လက်စွာ ဝယ်ယူလာမှုကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ နှုန်းအထိ လည်းကောင်း ဈေးများရုတ်တရက်မြင့်တက်လာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့် ပွဲရုံ)က ပြောသည်။

“ဒီနှစ်ပိုင်းမှာ ပဲတီစိမ်းနဲ့ မတ်ပဲဈေးနှုန်းတွေက ကိုဗစ်-၁၉ ရောဂါဂယက်ကြောင့် အခြားပဲတွေလို ဈေးကျဆင်း နေပေမယ့် အခုလိုမမျှော်လင့်ဘဲ ရုတ်တရက်ကြီး ဈေးတွေခုန်တက်လာတဲ့အတွက် လက်ကျန်ပဲတွေကနေ ဈေးကောင်းရကြလို့ တောင်သူတွေနဲ့ကုန်သည်တွေ ဝမ်းသာနေကြတယ်။ မကြာခင် မေလအတွင်းမှာလည်း ရေသွင်းစိုက်ပျိုးထားတဲ့ နွေပဲတီစိမ်း သီးနှံတွေ ဈေးကွက်ကို ဝင်လာတော့မှာပါ။ ဒီသီးနှံနှစ်မျိုးစလုံးက အခုလိုဝယ်လိုအားကောင်းတဲ့အတွက် သင်္ကြန်အပြီး ကာလမှာလည်း လက်ရှိဈေးအောက် ကျဆင်းသွားဖို့ မရှိနိုင်ဘူးလို့ခန့်မှန်းပါတယ်။ ဒီကာလမှာလည်း ကုန်စည်စီးဆင်းမှု မြန်ဆန်ဖို့နဲ့ ကုန်ဈေးနှုန်းတည်ငြိမ်ရေးတို့အတွက် မန္တလေးကုန်စည်ဒိုင်ကို နေ့တစ်ပိုင်းဖွင့်ပေးထားတယ်” ဟု ၎င်းက ပြောသည်။

ပဲတီစိမ်းသီးနှံကို မန္တလေး၊ စစ်ကိုင်းနှင့်မကွေးတိုင်းဒေသကြီးတို့တွင် ရာသီမရွေးစိုက်ပျိုးကြပြီး ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့တွင် ဆောင်းသီးနှံအဖြစ်သာ စိုက်ပျိုးကြကြောင်းနှင့်မတ်ပဲကို မြန်မာနိုင်ငံအနှံ့အပြား၌ဆောင်းသီးနှံ အဖြစ်သာ တောင်သူများအားထားစိုက်ပျိုးကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## Mask လိုအပ်ချက်အတွက် စက်ရုံလေးခုမှ သင်္ကြန်အပြီးတွင် စတင်ထုတ်မည်

Covid-19 ကာလတွင် ပြည်တွင်းလိုအပ်ချက်မြင့်တက်နေသော Mask ကို ရန်ကုန်နှင့်ပဲခူးတိုင်းဒေသကြီးရှိ စက်ရုံလေးခုမှ သင်္ကြန်အပြီး၌ ထုတ်လုပ်သွားမည်ဟု တာဝန်ရှိသူများက မြန်မာတိုင်းမ်ကိုပြောသည်။ မြန်မာနိုင်ငံတွင် Mask သီးသန့် အဓိကထားထုတ်လုပ်သည့်စက်ရုံ မရှိသော်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ တောင်းဆိုချက်အရ ပဲခူးတိုင်းဒေသကြီးမှ စက်ရုံနှစ်ရုံ၊ရန်ကုန်တိုင်းဒေသကြီးမှ စက်ရုံနှစ်ရုံတို့က Mask များထုတ်လုပ်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက PPE ဝတ်စုံ တစ်သိန်းဝယ်ယူခဲ့သည့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများ ဖြစ်သော ဟောင်ကောင်အခြေစိုက် Cobes Industries Myanmar Bago ကုမ္ပဏီ၊ ကိုရီးယားနိုင်ငံမှ လာရောက်ရင်းနှီး မြှုပ်နှံထားသော ကျန်းမာရေးအတွက် ခွဲစိတ်ခန်းသုံး ဝတ်စုံများအဓိကထုတ်လုပ်နေသည့်KM Healthcare စက်ရုံတို့က ယခုအခါ ပြည်တွင်းလိုအပ်ချက်အတွက် Mask ထုတ်လုပ်ပေးရန် ဝန်ကြီးဌာနနှင့်စက်ရုံများအကြား ပြောဆိုထားပြီးဖြစ်သည်ဟု ပဲခူးတိုင်း ဒေသကြီး စက်မှုကြီးကြပ်ရေးကော်မတီ၊ အတွင်းရေးမှူးဦးစိုးထက်ကပြောသည်။ ''သူတို့(စက်ရုံများ)ဒါကိုလုပ်ဖို့အတွက် ကျွန်တော်တို့ညွှန်ကြားထားပြီးပြီ။သင်္ကြန်ပြီးလောက်ဆိုသူတို့ Run နိုင်မယ်ထင်တယ်။ ပြည်တွင်းလိုအပ်ချက်ကိုတော့ လက်ရှိ လုပ်ပေးဖို့ရှိတယ်။ ရန်ကုန်တိုင်းရော၊ ပဲခူးတိုင်းရော စက်ရုံတွေကထုတ်ဖို့ လက်ရှိလုပ်နေတယ်''ဟု ၄င်းကပြောသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ကျန်းမာရေးသုံးပစ္စည်းများထုတ်လုပ်သည့် စက်ရုံနှစ်ခုရှိပြီး စက်ရုံနှစ်ရုံလုံးတွင် Mask ထုတ်လုပ်ကြောင်း၊ ယခုလတ်တလော၌ ကုန်ကြမ်းပြတ်လပ်သည့်ကိစ္စအနည်းငယ်ဖြစ်နေသော်လည်း ကုန်ချောပြန်ထုတ်ရန် စီစဉ်နေပြီး သင်္ကြန်အပြီးတွင် ယင်းစက်ရုံများက Mask ထုတ်လုပ်သွားမည်ဟု ဦးစိုးထက်ကပြောသည်။ အလားတူ ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ စက်ရုံများအနေဖြင့်လည်း Mask ထုတ်လုပ်ရန် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တောင်းဆိုမှုများပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိ သူများ၊ကုန်သည်များနှင့် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်ဟုသိရသည်။
ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် ကိုရီးယားသံရုံး၊ကိုရီးယားလုပ်ငန်းရှင်များအသင်းမှ ကိုရီးယားလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ပြီး တရုတ်သံရုံး၊တရုတ်စီးပွားရေးလုပ်ငန်းရှင်များအသင်းမှ CMP စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော တရုတ်စီးပွားရေး လုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံခဲ့သည်။ ''ဂျပန်က မော်တော်ကား Wiperထုတ်တဲ့ စက်ရုံမှ ဒီမှာလာတည်ရင်းနဲ့ Mask ထုတ်တဲ့ စက်တစ်ခုတပ်ထားတယ်။ ကိုရီးယားကလည်း ထိုနည်းလည်းကောင်းပဲ အထည်ချုပ်လုပ်ရင်းနဲ့Mask ထုတ်တဲ့ စက်တစ်ခုရှိတယ်။အဲဒီစက်ရုံတွေက ကုန်ကြမ်းက ဘယ်ကလာလည်းဆိုရင် တရုတ်ပြည်က လာတာ။တရုတ်ပြည်က လာတော့ ကုန်ကြမ်းမရှိတော့ နည်းနည်းအခက်အခဲဖြစ်သွားတယ်။ အခုက နိုင်ငံတော်ကလည်း အားပေးနေပြီ။ကျွန်တော့်ကို ဈေးကွက် အခြေအနေတွေ လာတိုင်ပင်တော့ လုပ်ကြပါလို့တော့ တိုက်တွန်းထားတယ်။ သူတို့လည်း စဉ်းစားနေကြပြီ''ဟု ရွှေလင်ဗန်း စက်မှုဇုန်ဥက္ကဋ္ဌ ဦးအေးသောင်းက ပြောသည်။

ကိုရီးယားစက်ရုံသည် အထည်ချုပ်လုပ်ငန်းကိုအဓိကထားချုပ်လုပ်နေသော စက်ရုံတစ်ခုဖြစ်သည်။စက်ရုံများ၏ အမည်ကို လက်ရှိတွင် ထုတ်ဖော်ပြောဆိုခြင်းမရှိသေးဘဲ ယင်းကုမ္ပဏီများက Maskထုတ်လုပ်ခြင်း လုပ်ဆောင်သင့်၊ မသင့် ဈေးကွက် အနေအထားတို့ကို ရွှေလင်ဗန်းစက်မှုဇုန်ဥက္ကဌထံ လာရောက်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟုသိရသည်။ ထိုသို့လာရောက် ဆွေးနွေးသောအဖွဲ့ စက်ရုံ Globalသည် အထည်ချုပ်စက်ရုံ ၆ ရုံခန့်ရှိသည်ဟု ဦးအေးသောင်းကဆိုသည်။ "ဈေးကွက်အနေ အထားအရ ကျွန်တော်လည်းမပြောရဲဘူး။ ၁၀ ရက်နေ့က စပြီး မဖြစ်မနေပိတ်ရတော့မယ်ဆိုတော့ သကြင်္န်ပြီးမှ စဉ်းစားကြမယ် ထင်တယ်"ဟု ၎င်းကပြောသည်။ လက်ရှိပြင်ပဈေးကွက်အတွင်း ဆေးဆိုင်များ လက်လီရောင်းချရာတွင် Mask တစ်ခုလျှင် မြန်မာငွေကျပ် ၈၀၀ မှ ၁၀၀၀ အကြား ပေါက်ဈေးရှိပြီး ယခင်ပုံမှန်ပေါက်ဈေးသည် Mask တစ်ခုလျှင် ကျပ် ၁၀၀ မှ ၁၅၀ သာ ရှိသည်။ယခုအခါ ဈေးကွက်အတွင်း ဈေးနှုန်းအဆမတန်မြင့်တက်လျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/138046.html

## ကိုရိုနာကပ်ဘေးကြောင့် စီးပွားရေးထိခိုက်မှု ရင်ဆိုင်ရန် ဒေါ်လာ ၁ ထရီလီယံရှိဟု IMF ပြော

ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးကြောင့် စီးပွားရေး ထိခိုက်နစ်နာမှုတွေကို ရင်ဆိုင်ဖို့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှာ ရန်ပုံငွေဒေါ်လာ ၁ ထရီလီယံ (ဘီလီယံပေါင်း ၁၀၀၀) ရှိထားတယ်လို့ မန်နေဂျင်းဒါရိုက်တာ ခရစ္စတယ်လီနာ ဂျော်ဂျီဗာက ဧပြီလ ၃ ရက်နေ့မှာ ပြောလိုက်ပါတယ်။ ဂျီနီဗာမှာပြုလုပ်ခဲ့တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲမှာ မစ္စဂျော်ဂျီဗာ က ဒီအကျပ်အတည်းမှာ ဆင်းရဲပြီးထိခိုက်လွယ်တဲ့ အခြေအနေမှာရှိနေတဲ့ နိုင်ငံတွေရဲ့စီးပွားရေးတွေဟာ အန္တရာယ် ဖြစ်နိုင်ခြေ အများဆုံးလို့ဆိုပါတယ်။

ဒါ့အပြင် ကပ်ဘေးရဲ့ ကနဦးလှိုင်းရိုက်ခံရမှုကြောင့် အလုပ်တွေရပ်ဆိုင်းရတာ၊ ဒေဝါလီခံရတာတွေဟာ ကြိုတင် စီမံထားမှုမရှိရင် ဖြစ်လာနိုင်တဲ့အန္တရာယ်တွေဖြစ်ပြီး စီးပွားရေးတွေ နာလန်ထဖို့ခက်မယ်လို့လည်း သူကဆိုပါ တယ်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးကြောင့် အခုအခါ ကမ္ဘာ့အကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံတခုဖြစ်တဲ့ အမေရိကန် ပြည်ထောင်စုမှာ အလုပ်လက်မဲ့ဦးရေ စံချိန်တင် ၆ သန်းကျော်ခဲ့သလို၊ ကမ္ဘာတဝန်း စတော့ရှယ်ယာဈေးနှုန်းတွေလည်း ကျဆင်းခဲ့တယ်လို့ ရိုက်တာသတင်းက ရေးသားထားပါတယ်။

**Source : DVB**

https://news.ydnp.net/339839/

## မလေးရှားနိုင်ငံတွင် အလုပ်သမား (၄.၈) မီလီယံအတွက် (၃) လစာ ထောက်ပံ့ငွေပေးအပ်ခြင်း

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ကြောင့် မလေးရှားရင်းဂစ် (၁၀) ဘီလီယံ ထောက်ပံ့သွားမည်ဖြစ်ကြောင်း မလေးရှား အစိုးရမှ ၇-၄-၂၀၂၀ ရက်နေ့တွင် ကြေငြာခဲ့သည်။ မလေးရှားနိုင်ငံ၏ စီးပွားရေး (၉၈) ရာခိုင်နှုန်းပါဝင်သော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SME)ကို COVID-19 ဖြစ်ပွားနေစဉ် အသွားအလာ ကန့်သတ်ထိန်းချုပ်မှု ကာလအတွင်း ကူညီပံ့ပိုးပေးရန်ရည်ရွယ်ကြောင်း၊ မလေးရှားရင်းဂစ် (၇.၉) ဘီလီယံမှာ အလုပ်ရှင်များအတွက် လုပ်ခလစာ ပေးချေရန် ပံ့ပိုးကူညီရန်ဖြစ်ကြောင်း၊ ကျန်ရှိသော ရန်ပုံငွေများအား အလုပ်သမား (၅) ဦးအောက်နည်းပြီး လုပ်ငန်းဝင်ငွေ မလေးရှားရင်းဂစ် (၃၀၀,၀၀၀) အောက်နည်းသော မှတ်ပုံတင်ထားသည့် အသေးစား၊ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် အထူးထောက်ပံ့မှုအနေဖြင့် ရင်းဂစ် (၃,၀၀၀) ထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ SME လုပ်ငန်းများကို အဓိကထုတ်ချေးသည့် အသေးစားချေးငွေအစီအစဉ်၏ အတိုးနှုန်းကိုလည်း (၂) ရာခိုင်နှုန်းလျှော့ချခဲ့ပြီး၊ အဆောက်အဦ ပိုင်ရှင်များမှ အခန်းငှားရမ်းခများ လျှော့ချပေးမှုအတွက်လည်း ဝင်ငွေခွန်အား လျှော့ပေါ့ကောက်ခံမည်ဖြစ်ကြောင်း၊ ၁၈-၃-၂၀၂၀ ရက်နေ့က ထုတ်ပြန်ချက်အတိုင်း လိုက်နာနေထိုင်သွားပြီး COVID-19 အား ကာကွယ်သွားရန် မလေးရှားဝန်ကြီးချုပ်က ပြည်သူများအား တိုက်တွန်းပြောကြားခဲ့ကြောင်း၊ ပြည်သူများအနေဖြင့် မလေးရှားအစိုးရမှ ထုတ်ပြန်ထားသည့်နေ့မှစတင်၍ ၁၈-၄-၂၀၂၀ ရက်နေ့အထိ လိုအပ်သောအစားအသောက်နှင့်လူသုံးကုန်ပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာပစ္စည်းများ ဝယ်ယူခြင်းမှ

လွဲ၍ အိမ်ထဲ၌သာနေထိုင်ကြရမည်ဖြစ်ကြောင်း၊ အစိုးရ၏ ထုတ်ပြန်ချက်များအား လိုက်နာမှု မရှိသောကြောင့် (၆၀၄၈) ဦး အား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း၊ မလေးရှားနိုင်ငံတွင် လက်ရှိအချိန်ထိ COVID-19 ကူးစက်သူ (၃၇၀၀) ဦးရှိပြီး သေဆုံးသူ (၆၂) ဦး ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

မလေးရှားအစိုးရမှ နိုင်ငံတစ်ဝန်းရှိ အလုပ်သမား (၄.၈) မီလီယံအတွက် (၃) လစာ ထောက်ပံ့ပေးမည့်အစီအစဉ်တွင် အလုပ်သမားများအနေဖြင့် လုပ်ငန်းများတွင် အနည်းဆုံး(၆) လ အလုပ်လုပ်ကိုင်လျှက်ရှိပြီး၊ လစဉ်ဝင်ငွေမှာ ရင်းဂစ် (၄,၀၀၀) အောက်လျော့နည်းရမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ ထောက်ပံ့ပေးခြင်းဖြင့် ပြည်သူများ၏ သုံးစွဲနိုင်မှုအင်အား မြင့်တက်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးများနှင့် အလုပ်အကိုင်များ ပြန်လည်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ သို့သော် ကုမ္ပဏီအရွယ်အစား အပေါ်မူတည်၍ ထောက်ပံ့ငွေများပံ့ပိုးပေးခြင်းမှာ အဆင်မပြေကြောင်း၊ အချို့သောလုပ်ငန်းကြီးများတွင် အလုပ်သမားများ အတွက် လစာပေးရန် လုံလောက်မှုများမရှိနိုင်ကြောင်း၊ နိုင်ငံတကာတွင် လစာများထောက်ပံ့ပေးမှုနှင့် အကူအညီများ ပေးရာ တွင် ကုမ္ပဏီ၏အရွယ်အစားနှင့် လုပ်ငန်းဝင်ငွေအပေါ်မူတည်၍ ထောက်ပံ့ပေးခြင်းထက် လုပ်ငန်းမှရရှိသောဝင်ငွေ၏ အမြတ်ပေါ်မူတည်၍ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ မလေးရှားနှင့်ထိုင်းနိုင်ငံတို့တွင် စီးပွားရေးကျဆင်းနိုင်သည်ဟု ကမ္ဘာ့ဘဏ်မှခန့်မှန်းထားကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Tashny Sukumaran က “Three months wages subsidies for 4.8m workers” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဟောင်ကောင်**

## နယ်နိမိတ်ချင်းထိစပ်နေသော နယ်စပ်များမှ COVID-19 ကူးစက်ရောဂါ ဝင်ရောက်လာခြင်းအား ခိုင်မာသည့်ကာကွယ်မှုများ ပြုလုပ်သွားမည့်တရုတ်နိုင်ငံ

နယ်နိမိတ်ချင်းထိစပ်နေသော နယ်စပ်များမှ COVID-19ကူးစက်ရောဂါ ပြန်လည် ဝင်ရောက်လာမှုအား ကာကွယ်မည့် စီမံဆောင်ရွက်မှုများကို တရုတ်တာဝန်ရှိသူများက ဧပြီလ (၆)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြည်ပနိုင်ငံများတွင် ကမ္ဘာလုံးဆိုင်ရာ ကပ် ရောဂါ လျင်မြန်စွာကူးစက်ပျံ့ပွားနေပြီး ၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာနိုင်ခြေ မြင့်နေ သောကြောင့် ရပ်ရွာများ၊ ဆိပ်ကမ်းများနှင့် နယ်စပ်များတွင် ပြုလုပ်မည့် စီမံဆောင်ရွက်မှုများကို ဝန်ကြီးချုပ် မစ္စတာလီခကျင်းဦးဆောင်သည့် ခေါင်းဆောင်များ အစည်းအဝေးအပြီး၌ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ဆိပ်ကမ်းစီမံခန့်ခွဲမှု၊ သီးခြားထားရှိရေး စစ်ဆေးမှုနှင့် နယ်စပ် ဒေသ များတွင် ထိန်းချုပ်မှုများအပေါ် တင်းကြပ်ဆောင်ရွက်သွားပြီး၊ တစ်ပြိုက်နက်တည်းမှာပင် ရောဂါဓာတ်ခွဲစမ်းသပ်မှုနှင့်ဆေးဘက်ဆိုင်ရာကုသမှုစွမ်းရည်များ အား နယ်စပ်ဒေသများသို့ ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ ပိုမိုတင်းကြပ်သည့် ရောဂါထိန်းချုပ်ရေးစီမံဆောင်ရွက်မှုများကို နယ်စပ် တစ်လျှောက်ရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များနှင့် ကုန်သွယ်သည့်နေရာများတွင် ဆောင်ရွက်သွားမည်ဖြစ်ကာ စိတ်ချ လုံခြုံသောနေရာတွင် အပြည်ပြည်ဆိုင်ရာကုန်စည်သယ်ယူ ပို့ဆောင်မှုများ အဆင်ပြေချောမွေ့စေရန် အားထုတ်ကြိုးပမ်း သွားမည်ဟု သိရပါသည်။

တရုတ်နိုင်ငံသည် အရေးပေါ်တုန့်ပြန်မှုများအား ၎င်း၏ပြည်တွင်းအခြေအနေနှင့် စွန့်စားဆုံးရှုံးနိုင်ခြေအဆင့်များ အလိုက်လုပ်ငန်းများ ပြန်လည်စတင်ရေးနှင့် ထုတ်လုပ်မှုပုံမှန်ပြန်ဖြစ်စေရေးတို့၌ ပုံမှန်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအလေ့ အထများနှင့် ပေါင်းစပ်ဆောင်ရွက်သင့်ကြောင်း အစည်းအဝေးက မှတ်ချက်ပြုခဲ့ပါသည်။ စွန့်စားဆုံးရှုံးနိုင်ခြေနည်းပါးသော ဒေသများတွင် လိုအပ်သောရောဂါထိန်းချုပ်ရေး ထောက်ပံ့မှုများနှင့်အရေးပေါ် တုန့်ပြန်ရေးစွမ်းဆောင်ရည်များကို သေချာ စေလျက် ရောဂါထိန်းချုပ်ရေး စီမံဆောင်ရွက်မှုများကို အမြင့်ဆုံးဆောင်ရွက်ကာ၊ လက်ရှိထုတ်လုပ်မှုနှင့်လူနေမှု ဘဝများနှင့် အကျုံးဝင်ခြင်းမရှိတော့သည့် ကနဦးအဆင့်၌ဆောင်ရွက်ခဲ့သည့် စီမံဆောင်ရွက်မှုများကို ပယ်ဖျက်ရန်ဖြစ်ကြောင်း အစည်း အဝေးမှတ်တမ်းတွင်ဖော်ပြထားပါသည်။

လုပ်ငန်းများက အလုပ်သမားများအား ကာကွယ်ပေးသည့်အခြေပြစာချုပ်များကို အကောင်အထည်ဖော်ရန်၊ မလိုအပ် သည့် စုဝေးမှုများနှင့် အုပ်စုလိုက်လှုပ်ရှားမှုများကို ရှောင်ကြဉ်ရန် လူများရွှေ့လျားသွားလာမှုအတွက် ကျိုးကြောင်းဆီလျော်သော စီမံ ဆောင်ရွက်မှုများအားပြုလုပ်ကြရန် တိုက်တွန်းထားပါသည်။ အတည်ပြုသည့်လူနာများ၊ သံသယလူနာများနှင့် လက္ခဏာ မပြသည့် လူနာများနှင့်စပ်လျဉ်း၍ အချိန်မီအစီရင်ခံရန်နှင့် တုန့်ပြန်ရန်၊ သတင်းအချက်အလက်ကို ပွင့်ပွင့်လင်းလင်း ထုတ်ပြန်ရန်တို့ကိုလည်း အစည်းအဝေးက တိုက်တွန်းထားပါသည်။

ထို့ပြင် ရောဂါလက္ခဏာမပြသေးသည့် လူနာများ၏ ဆေးဘက်ဆိုင်ရာစီမံခန့်ခွဲမှု၊ ကူးစက်ရောဂါပျံ့ပွားခြင်း၊

ကာကွယ်ခြင်းတို့နှင့်သက်ဆိုင်သော စစ်တမ်းကောက်ယူမှု၊ သီးခြားထားရှိမှုနှင့်ကုသမှုတို့အပေါ် အားကောင်းခိုင်မာစွာ ဆောင်ရွက်သွားသင့်ကြောင်း အစည်းအဝေးက အလေးအနက်ပြောကြားခဲ့ပါသည်။ တရုတ်နိုင်ငံတွင် ဧပြီလ (၆)ရက်နေ့၌ ပြည်ပမှပြန်လည်ဝင်ရောက်လာသော ရောဂါဖြစ်ပွားနေသည့် လူနာပေါင်း (၃၂)ဦးရှိသည်ကိုတွေ့ရပြီး၊ စုစုပေါင်းပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် ရောဂါဖြစ်ပွားနေသော လူနာပေါင်း (၉၈၃)ဦး ရှိကြောင်း၊ ၎င်းတို့အနက် လူနာပေါင်း (၂၈၅)ဦးမှာ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံမှဆင်းသွားပြီဖြစ်ကြောင်း၊ ကုသနေဆဲ လူနာဦးရေ (၆၉၈)ဦးရှိပြီး လူနာ(၂၁)ဦး၏ အခြေအနေမှာ စိုးရိမ်ရ ကြောင်း အမျိုးသား ကျန်းမာရေးကော်မရှင်က ဧပြီလ(၇)ရက်နေ့တွင် ထုတ်ပြန်ထားပါသည်။

ရင်းမြစ်၊ Xinhua (၆-၄-၂၀၂၀)နှင့် (၇-၄-၂၀၂၀)

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နန်နင်း**

## နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းပြန်လည်စတင်နိုင်ရန် တုန်ရှင်းမြို့၌ကူညီပေးနေ

တရုတ်နိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တည်ရှိသော တုန်ရှင်းမြို့ (Dongxing)သည် ဗီယက်နမ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသောဒေသဖြစ်ပြီး အရေးပါသောမြို့တစ်မြို့ပါသည်။ ပြီးခဲ့သည့်နှစ်များအတွင်း ၎င်းမြို့၏ ထူးခြားသော ပထဝီဝင် တည်ရှိမှုကို အကျိုးရှိစွာအသုံးချလျက် အခြားအာဆီယံမြို့တော်များနှင့် နယ်စပ်ကုန်သွယ် ရေး တိုးမြှင့်ခြင်းဖြင့် မတူကွဲပြားပြီး အရှိန်မြှင့်တင်တိုးတက်သည့် နယ်စပ်ဈေးကွက် စီးပွားရေးအား ဖန်တီးနိုင်ခဲ့ပါသည်။ ၎င်းမြို့သည် ကူးသန်း ဆောင်ရွက်မှုဆိုင်ရာစနစ်များ ပြုပြင်ပြောင်းလဲရေးကိုမြှင့်တင်ခဲ့ပြီး၊ အထူးသဖြင့် ဗီယက်နမ်မှ စီးပွားရေးလုပ်ကိုင် ဆောင်ရွက် နေသူများအတွက် မှတ်ပုံတင်စနစ်ကို ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၎င်းမြို့သည် ကိုရိုနာကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ပုံမှန်ပြန်လည်စတင်နိုင်ခြင်းမရှိသည့် ၊ ၎င်း၏နယ်စပ် ကုန်သွယ်ရေးဇုန်အတွင်းရှိ နိုင်ငံခြားစီးပွားရေး လုပ်ငန်းရှင်များအတွက် လုပ်ငန်းပြန်လည်စတင်ရေး လမ်းညွှန်မှုများကို အဝေးမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်း၌ ၎င်းမြို့ရှိ မှတ်ပုံတင်ထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၃)ခုရှိပြီး ၊ ဝန်ထမ်းဦးရေ (၄၈)ဦးရှိကာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ ယွမ်ငွေ (၂၀၉)သန်း (အမေရိကန်ဒေါ်လာ ၂၉.၃ သန်း) ဖြစ်ပါသည်။ ထို့ပြင် မှတ်ပုံတင်ထားသည့် ဗီယက်နမ်စီးပွားရေးအိမ်ထောင်စုပေါင်း (၂၁၄)စုရှိပြီး ၊ မတည်ငွေရင်း ယွမ်ငွေ (၈၇.၅၂)သန်း ဖြင့် ဝန်ထမ်းပေါင်း (၉၅၃)ဦးကို ခန့်ထားလျက် လုပ်ငန်းဆောင်ရွက်နေကြောင်းသိရပါသည်။

ထိုကဲ့သို့ နိုင်ငံခြားစီးပွားရေးလုပ်ကိုင်ကြသည့် အိမ်ထောင်စုများ၏ လုပ်ငန်းနှင့် ထုတ်လုပ်မှုပြန်လည်စတင်ရေးကို ကူညီရန်အလို့ငှာ တုန်ရှင်းဈေးကွက်ကြီးကြပ်ရေးဌာနက ကပ်ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးတို့ကိုဆောင်ရွက်ရန် နိုင်ငံခြား စီးပွားရေးလုပ်ငန်းများ၏ စီးပွားရေးမိတ်ဖက်များနှင့် တရုတ်ဝန်ထမ်းများအား ညွှန်ကြားရန် လုပ်ငန်းခွင်ဝန်ဆောင်မှု ပေးခြင်းနှင့် တရုတ်ပြည်တွင်း လုပ်ငန်းများ ပြန်လည်စတင်ရေးအတွက် ဆက်နွယ်သည့်မူဝါဒများကို ထုတ်ပြန်ကြေငြာပေးခြင်း တို့ဖြင့် ပံ့ပိုးကူညီပေးလျက် ရှိပါသည်။

ထို့မျှမက စတိုးဆိုင်များကိုလည်း အဝင်အထွက်အား ကုဒ်နံပတ်များဖြင့် မှတ်တမ်းတင်စေခြင်း၊ တာဝန်ရှိသူများကို ပုံမှန်လာရောက်စစ်ဆေးစေခြင်း၊ လုပ်ငန်းဆောင်ရွက်သည့်နေရာများနှင့် အများပြည်သူနှင့်သက်ဆိုင်သောနေရာများကို တစ်နေ့ နှစ်ကြိမ် ပိုးသတ်စေခြင်းစသည့် ထုတ်လုပ်မှုပြန်လည်စတင်ရန် လိုအပ်ချက်များနှင့်အညီ တင်းကြပ်စွာကြပ်မတ်လျက် ပြန်လည် ဖွင့်လှစ်ခွင့်ပြုထားပါသည်။ တုန်ရှင်းမြို့သည် နယ်စပ်ကုန်သွယ်ရေးအား ဘက်စုံထောင့်စုံမှ ပြန်လည်နာလန်ထူလာစေရန် ထောက်ပံ့ကူညီမှုများဖြစ်သည့် အွန်လိုင်းမှလျှောက်ထားမှုများအား အတည်ပြုပေးခြင်းနှင့် စစ်ဆေးမှုများကို အရှိန်မြှင့်တင်ရန် အထူးစီမံဆောင်ရွက်မှုများ ဆောင်ရွက်ပေးခြင်းတို့ဖြင့် အရည်အသွေးမြင့်ပြီး၊ ထိရောက်လွယ်ကူသော ဈေးကွက်ဝင်ရောက်ရေး ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးကူညီပေးနေကြောင်းသိရှိရပါသည်။

ရင်းမြစ်၊ en.gxzf.gov.cn (၃၀-၃-၂၀၂၀)

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နန်နင်း**

## News impacting Myanmar's economic development

ICG: Pandemic will stall Chinese infrastructure

The International Crisis Group (ICG) believes the ongoing COVID-19 pandemic will slow down Chinese-backed infrastructure projects. According to a recent report by the organization, the spread of the coronavirus has caused and will continue to cause uncertainty for the future of the China-Myanmar Economic Corridor initiative, which calls for new highways, railways, power plants, industrial zone and other infrastructure designed to foster trade between the two countries. The report argued that several key projects had already been delayed to avoid political backlash ahead of the the 2020 election, and border closures, a global economic recession and general uncertainty about the future will only stall things further.

Nevertheless, China remains optimistic, at least publicly. In an interview with the Myanmar Times, Chinese ambassador Chen Hai said: "Two things have been on my agenda lately whenever I speak to key ministers and government officials: responding to the virus, and cementing the collaboration between China and Myanmar, especially the agreements signed during Chinese President's Xi Jinping's state visit in January."

The ICG argued that China will likely tolerate slower progress of the trade partnership until the pandemic and election to pass by. "China appears ready to move at Myanmar's pace for the moment," the report reads. "While a focus on the coronavirus and its economic impact will likely afford Nay Pyi Taw a further grace period, it is uncertain how long Beijing's patience will last."

It continued: "In the meantime, it has sought to make progress where it can, particularly by renegotiating terms of the Kyaukpyhu deep-sea port project, working toward framework agreements for three economic cooperation zones on the shared border, and conducting studies and assessments for the Mandalay-Muse railway."

**IMF predicts slow growth regardless of pandemic**

Myanmar should expect "subdued" economic growth thanks to its upcoming election, armed conflicts and an unstable banking sector, said the International Monetary Fund (IMF) in its annual consultation. The IMF reached these conclusions before the COVID-19 outbreak was declared a global pandemic, and they do not take economic fallout from the coronavirus into account.

The IMF conducts (usually) annual consultations, called "Article IV consultations", for all of its members states. During Article IV consultations, IMF economists review countries' economic and financial developments and discuss the country's economic policies with government and central bank officials. "Economic activity in FY 2018/19 remained below levels seen in the last decade," IMF said in a published summary of its findings. "Medium-term growth is likely to remain subdued. Growth in FY 2019/20 is expected to moderate slightly to 6.4 percent as continued uncertainty weighs on investor sentiment in the run-up to the November 2020 elections. "Analysts expect the upcoming elections to cause potential investors to take a "wait and see" approach to the market. Likewise, government officials are more cautious about major projects and trade deals, fearful of any actions that could damage their reputations among their constituents.

The slower growth will come despite an economic stimulus package slated for the 2019-2020 fiscal year budget, the report continued. "On the domestic front, growth could underperform if fiscal spending does not pick up…

TIR

On the external front, risks include the impact of global trade tensions, higher crude oil prices, a slowdown in China, and natural disasters." The report also emphasized "fragilities in the banking system" as a risk to Myanmar's markets. However, it commended Myanmar's monetary policy, especially its transition to a market-determined exchange rate mechanism. The report claimed it will "help keep market rates at positive real levels and broad money growth on a declining trend."

**Telenor heeds order to block web sites**

Telenor Myanmar has partially complied with a government order to block hundreds of websites for explicit content and fake news. The Ministry of Transport and Ccommunications had ordered the nation's cellular carriers to prevent access to 221 web sites it found "contain adult/explicit content, child sexual abuse, and contribute to misinformation," according to a Telenor press release. But Telenor initially resisted, claiming the ministry did not have a legal basis to give the order. But after a minor political standoff, Telenor changed course. It blocked 154 of the targeted sites following its own review, and then blocked the remaining sites after "further dialogue with MoTC.""Telenor has assessed that the risk involved in not following the directive is likely to have wider implications in terms of servicing the public," the company continued. Government regulation is one of the leading challenges to the telecoms industry. Myanmar has only granted licenses to four telecom carriers, including the semi-private state provider MPT. The 2013 Telecommunications Law gives the government tight control over their operations. It has used this power to shut down web sites it deems harmful to the public and also, more recently, to withhold internet access to areas held by the Arakan Army rebel group. Critics claim such regulation is tantamount to state censorship and suppresses free speech. On the other hand, fake news, hate speech and online scams are an ongoing problem in the country. Indeed, Facebook, which dominates Myanmar's social media market, often independently blocks accounts it deems predatory.

**Ethnic organization slams Chinese casino project**

A new report by the Karen Peace Support Network (KPSN) has condemned the Shwe Kokko casino project planned in an ethnic Karen territory along the Myanmar border. The report adds to the controversy that has surrounded the massive resort project since development began in 2017. The report, titled "Gambling Away Our Land", claims that the Shwe Kokko project violates a host of development laws and exploits shaky regulatory infrastructure in Myanmar's eastern frontier. It claims the project will disrupt and exploit local communities.

The Shwe Kokko project is being developed by Hong Kong-listed Yatai International Holdings Group in partnership with the Kayin State Border Guard Force (BGF), a formerly autonomous armed ethnic organization that came under the aegis of the Myanmar army (Tatmadaw) in 2010. The Myanmar Investment Commission (MIC) has approved a USD 22.5 million first phase, authorizing 60 residential villas on 10.3 hectares of land. However, the KPSN report claims that initial construction will go far beyond what the MIC has approved. It also argues that the project's 70-year lease, extendable to 99 years, violates Myanmar's SEZ law, which only allows for 50-year leases, extendable to 75 years.

Critics doubt the integrity of the Yatai International and the BGF and fear displaced communities will not receive adequate compensation for their lands. They also worry the project will influence or even disrupt ongoing peace negotiations in Kayin State. "There are a lot of armed groups in the Shwe Kokko area. Conflict remains here. The development of the area by the Tatmadaw is detrimental to peace when holding peace talks, or federalism

talks, and at the time when the needs of the Karen people cannot be determined by political aspirations," the Mon News Agency quoted the Karen Peace Support Network's spokesperson, Saw Lay Ka Baw, as saying.

Shwe Kokko will be the BGF's largest casino project, but not its first. The BGF has partnered with Thai and Chinese entrepreneurs in many smaller casino resorts along the Moei River near the border town of Myawaddy. These resorts accept only Thai baht and are only accessible via informal ferry from the Thai Side of the border.

**Source: Thura Swiss News (Issue 410 April 2, 2020)**

## STOCK EXCHANGE (6.4.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 6th Apr. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,800 | +100 | +1.03% | 9,600 | 9,800 | 9,600 | 582 | 5,622,400 | 27,112,747 | 265,705 |
| MTSH | 00002 | 3,550 | +100 | +2.90% | 3,450 | 3,550 | 3,450 | 9,812 | 34,360,100 | 38,929,150 | 138,198 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,100 | 8,100 | 8,000 | 23 | 184,300 | 10,400,986 | 83,208 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,000 | 21,500 | 21,000 | 515 | 10,815,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,750 | +50 | +1.85% | 2,750 | 2,750 | 2,750 | 3 | 8,250 | 12,823,224 | 35,264 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 420.30 | +5.29 | +1.27% | 412.59 | 420.30 | 412.59 | 10,935 | 50,990,550 | 5 | 575,524 |

**Index chart**




## Market Overview

As of 1:00 pm, 6th Apr. 2020

| MYANPIX | 420.30 ▲ 5.29 |
|---|---|
| Total Volume (shares) | 10,935 |
| Total Value (MMK) | 51 mil |
| Listed Company | 5 |
| Market Cap. (MMK) | 575,524 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,800 | ▲ 100 |
| MTSH | 00002 | 3,550 | ▲ 100 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 50 |